# တရုတ်ကွန်ဂရက်ညီလာခံကြီးနှစ်ခု

အယ်ဒီတာအာဘော်-မတ်လ(၃)ရက်နေ့မွန်းလွဲ(၃)နာရီတွင် (၁၃)ကြိမ်မြောက်တရုတ်ပြည်သူ့နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုညီလာခံ အမျိုးသားကော်မတီပထမအကြိမ်အစည်းအဝေးဖွင့်ပွဲကိုပေကျင်းပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပခဲ့ပါသည်။ မတ်လ(၅)ရက်နေ့နံနက်(၉)နာရီတွင် (၁၃)ကြိမ်မြောက် ပြည်လုံးဆိုင်ရာပြည်သူ့ကွန်ဂရက်၏ ပထမအကြိမ်အစည်းအဝေးဖွင့်ပွဲကို ပေကျင်းပြည်သူ့ခန်းမဆောင်ကြီးတွင် ကျင်းပခဲ့ပါသည်။ တရုတ်နိုင်ငံသည် “တရုတ်ကွန်ဂရက်ညီလာခံကြီးနှစ်ခုအချိန်”အတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ကွန်ဂရက်ညီလာခံကြီးနှစ်ခုသည် ပြည်ပအသိုင်းအဝိုင်းက တရုတ်နိုင်ငံကိုလေ့လာအကဲခတ်ရန်နှင့် အဖြေများကို ရှာဖွေတွေ့ရှိရန် အကောင်းဆုံးပြတင်းပေါက်ဖြစ်နေပါသည်။ ဤနေရာမှတဆင့် တရုတ်နိုင်ငံကိုလေ့လာသိရှိနိုင်သည်ဖြစ်သည်။

## တရုတ်ကွန်ဂရက်ညီလာခံကြီးနှစ်ခု၏ ထူးခြားချက်များ

ကျေးရွာဆင်းရဲနွမ်းပါးသူ လူဦးရေဆက်လက်လျော့နည်းစေခြင်း၊ အင်တာနက် “နယ်လှည့်ခ” ဈေးနှုန်းပယ်ဖျက်ရေး၊ တစ်ဦးချင်းအခွန်စမှတ်ကို မြှင့်တင်ခြင်း၊ ကလေးထိန်းကြီးကြပ်မှုကို တိုးမြှင့်ခြင်း –ယခုနှစ်အစိုးရလုပ်ငန်းအစီရင်ခံစာတွင် ပြည်သူ့လူနေမှုအကြောင်း၏၊ လူများဂရုစိုက်သောအချက်၊ ဗဟိုပြုသောအချက်နှင့် အခက်အခဲစသည်များကို ထိပ်တိုက်ရင်ဆိုင်ဖြေကြားသွားသည်။ ပြည်သူလူထုလူနေမှုအကျိုးဆိုင်ရာ ပေါ်လစီအဆက်လိုက်တို့သည် ပြည်သူလူထုအတွက်နွေးထွေးမှုနှင့် စိတ်အားထက်သန်မှုဖြစ်ပေါ်စေနိုင်ခဲ့သည်။

### ထူးခြားချက်(၁)

ဆင်းရဲမှုကို ပံ့ပိုးထောက်မခြင်း။ ။ယခုနှစ်မှာ ဆင်းရဲနွမ်းပါးသူဦးရေ(၁၀)သန်းအထက် နောက်ထပ်လျှော့ချမည်ဖြစ်သည်။

အစီရင်ခံစာမှာဆင်းရဲနွမ်းပါးမှုတိတိကျကျလျှော့ချရန် ထပ်မံတိုးမြှင့်မည်ဟုတင်ပြထားပါသည်။ ယခုနှစ်တွင်ကျေးရွာဒေသရှိ ဆင်းရဲနွမ်းပါးသူဦးရေ(၁၀)သန်းအထက် နောက်ထပ်လျှော့ချမည်ဖြစ်သည်။ နယ်မြေရွှေ့ပြောင်းခြင်းဖြင့် ဆင်းရဲနွမ်းပါးသူဦးရေ(၂. ၈)သန်း လျှော့ချမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုပံ့ပိုးသည့်အပိုင်းကဏ္ဍမှာ လာဘ်ပေးလာဘ်ယူခြစားခြင်းပြဿနာအပေါ် အထူးထိန်းချုပ်ခြင်းနှင့် စစ်ဆေးကြီးကြပ်ရေးပုံစံကို အဆင့်မြှင့်တင်ပြောင်းလဲခြင်း စသည်များကို လုပ်ဆောင်မည်ဖြစ်သည်။

### ထူးခြားချက်(၂)

အလုပ်အကိုင်အခွင့်အလမ်း-မြို့ပြအလုပ်လက်မဲ့နှုန်းမှာ ကျေးရွာမှလုပ်သားနှင့်မြို့ပြအမြဲနေလူဦးရေကိုပါ လွှမ်းမိုးစေမည်ဖြစ်သည်။

အစီရင်ခံစာအရ ၂၀၁၈ခုနှစ်မြို့ပြတွင် အသစ်တိုးများလာသော အလုပ်အကိုင်အခွင့်အလမ်းရရှိမည့် လူဦးရေ(၁၁)သန်းအထက် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မြို့ပြအလုပ်လက်မဲ့နှုန်းမှာကျေးရွာမှလုပ်သားနှင့် မြို့ပြအမြဲနေလူဦးရေကိုပါ လွှမ်းမိုးစေမည်ဖြစ်ကြောင်း၊ ယခုနှစ်မှာ ဤစံညွှန်းကိန်းကို လျာထားချက်ပန်းတိုင်အနေဖြင့် ပထမဆုံးအကြိမ်သတ်မှတ်လိုက်ရာ အလုပ်အကိုင်အခွင့်အလမ်း၏ အမှန်တကယ်အခြေအနေကို ထောင့်စုံစွာပေါ်လွင်ထင်ဟပ်စေနိုင်မည်ဖြစ်ကြောင်း၊ အတူတကွမျှဝေခံစားခြင်းဟူသောဖွံ့ဖြိုးမှုတောင်ဆိုလိုအပ်ချက်ကို အကောင်းဆုံးထင်ရှားစေနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် တင်ပြထားပါသည်။

၂၀၁၇ခုနှစ်တရုတ်နိုင်ငံ ကျေးလက်ဒေသမှ လုပ်သားများစုစုပေါင်းလူဦးရေမှာသန်း၂၈၆. ၅၂အထိ ရောက်ရှိခဲ့သည်။ ၂၀၁၈ခုနှစ်တွင် မြို့ပြမှာအလုပ်အကိုင်ရရှိမည့်လုပ်အားကို သန်းပေါင်း(၁. ၅)အထက် ရောက်ရှိစေမည်ဖြစ်သည်။

### ထူးခြားချက်(၃)

အိုစာနာစာယူခြင်း-လုပ်ငန်းဝန်ထမ်းများအတွက် အခြေခံအငြိမ်းစားအာမခံရံပုံငွေဗဟိုထိန်းချုပ်ရေးစနစ်ကို ထူထောင်မည်ဖြစ်သည်။

အစီရင်ခံစာအရ အငြိမ်းစားအာမခံစနစ်ပြုပြင်ပြောင်းလဲမှုကို နက်နဲစေမည်ဖြစ်သည်။ လုပ်ငန်းဝန်ထမ်းများအတွက် အခြေခံအငြိမ်းစားအာမခံရံပုံငွေ ဗဟိုထိန်းချုပ်ရေးစနစ်ကို ထူထောင်မည်ဖြစ်သည်။ အငြိမ်းစားပင်စင်ယူသူ၏အခြေခံပင်စင်နှင့် မြို့ပြနေအခြေခံပင်စင်ကို ဆက်လက်တိုးမြှင့်မည်ဖြစ်သည်။

### ထူးခြားချက်(၄)

ဆေးကုသရေး-ပြည်သူလူထုအခြေခံဆေးကုသမှုအာမခံငွေတစ်ဦးချင်းအပေါ် ထောက်ပံ့မှုစံညွှန်းကို နောက်ထပ်ယွမ်(၄၀)တိုးမြှင့်မည်ဖြစ်သည်။

ပြည်သူလူထုဆေးကုသရေးခက်ခဲခြင်းနှင့် ဆေးကုသမှုစရိတ်မြင့်မားခြင်း စသည့်ပြဿနာများအပေါ် ဖြေရှင်းရင်ဆိုင်မည်ဖြစ်သည်။ ပြည်သူပိုင်ဆေးရုံအထွေထွေပြုပြင်ပြောင်းလဲရေးကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆေးကုသစရိတ်ကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းလစာ၊ ဆေးဝါးစီးဆင်းလည်ပတ်မှု၊ ဆေးကုသအာမခံစသည်များကို ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရေးလုပ်ဆောင်မည်ဖြစ်ကြောင်း၊ အခြေခံဆေးကုသမှုအာမခံနှင့် ကြီးမားသော ရောဂါဆေးကုသမှုအာမခံတို့၏အဆင့်အတန်းကိုမြှင့်တင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအခြေခံဆေးကုသမှုအာမခံတစ်ဦးချင်းဘတ်ချက်စံထားကို နောက်ထပ်(၄၀)ယွမ်တိုးမြှင့်မည်ဖြစ်ကြောင်း စသည်ဖြင့် အစီရင်ခံစာမှာ တင်ပြထားပါသည်။



### ထူးခြားချက်(၅)

ပညာရေး-သင်တန်းချိန်အပ မူလတန်း၊ အလယ်တန်းကျောင်းသားကလေးများ၏ ဝန်ထုပ်ဝန်ပိုးကိုဖြေရှင်းရန် အားစိုက်ဆောင်ရွက်မည်ဖြစ်သည်။ မူကြိုနေ့ကလေးထိန်း ကြီးကြပ်ဆောင်ရွက်မှုကို တိုးမြှင့်မည်ဖြစ်သည်။

အစီရင်ခံစာအရ သင်တန်းချိန်အပ မူလတန်း၊ အလယ်တန်းကျောင်းသားကလေးများ၏ ဝန်ထုပ်ဝန်ပိုးကို ဖြေရှင်းရန်အားစိုက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နည်းလမ်းမျိုးစုံဖြင့် မူကြိုပညာရေးအရင်းအမြစ်ပံ့ပိုးမှုကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊

အင်တာနက်စသောအိုင်တီနည်းပညာများဖြင့် မူကြိုနေ့ကလေးထိန်းအပေါ် ကြီးကြပ်ဆောင်ရွက်မှုကိုတိုးမြှင့်ဆောင်ရွက်ကာ မိဘများအားစိတ်ချစေမည်ဖြစ်ကြောင်း စသည်ဖြင့် တင်ပြသွားပါသည်။

### ထူးခြားချက်(၆)

လူနေအိမ်-ပင်မမျိုးစုံဖြင့် လူနေအိမ်ပံ့ပိုးမှု၊ နည်းလမ်းမျိုးစုံဖြင့်အာမခံချက်ပေးမှု၊ အငှားအဝယ်နှစ်မျိုးလုံးစနစ် စသည်များကို လျင်မြန်စွာဆောင်ရွက်မည်ဖြစ်သည်။

လူနေအိမ်ပြုပြင်ပြောင်းလဲရေး(၃)နှစ်စီမံချက်အသစ်ကို ထပ်မံဖော်ဆောင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အိမ်ပေါင်း(၅၈၀)စုံကို စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း၊ အိမ်ငှားအာမခံချက်စွမ်းအားကို တိုးမြှင့်မည်ဖြစ်ကြောင်း၊ ပင်မမျိုးစုံလူနေအိမ်ပံ့ပိုးမှု၊ နည်းလမ်းမျိုးစုံအာမခံချက်ပေးမှု၊ အငှားအဝယ်နှစ်မျိုးလုံးစနစ်စသည်များကို လျင်မြန်စွာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား သက်တောင့်သက်သာရှိသော လူနေအိမ်စောစီးစွာရရှိစေမည်ဖြစ်ကြောင်းစသည်ဖြင့် အစီရင်ခံစာမှာ ဖော်ပြသွားပါသည်။

### ထူးခြားချက်(၇)

ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း-အလေးပေးနေရာဒေသမှာ PM2.5ပျစ်မှုအားကျဆင်းစေမည်ဖြစ်သည်။

မိုးကောင်းကင်ပြာထိန်းသိမ်းခြင်းတိုက်ပွဲအောင်မြင်မှုရလဒ်ကို တည့်တံခိုင်မြဲရန်ကာကွယ်မည်ဖြစ်ကြောင်း၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်စသည်တို့၏ စွန့်ထုတ်မှုပမာဏ(၃%)ကျဆင်းစေမည်ဖြစ်ကြောင်း၊ အလေးပေးနေရာဒေသမှာအမှုန့်သေးအရာ PM2.5 ပျစ်မှုပျမ်းမျှအားကို ဆက်လက်ကျဆင်းစေမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်(၅)နှစ်တာကာလအတွင်း တရုတ်နိုင်ငံသည်လေထုညစ်လမ်းမှုကို အလေးပေးကုစားခဲ့ကာ အလေးပေးနေရာဒေသမှာ အမှုန်သေးအရာ PM2.5ပျစ်မှုပျမ်းမျှအား (၃၀%) အထက်ဆက်လက်ကျဆင်းစေခဲ့ပါကြောင်း စသည်ဖြင့်အစီရင်ခံစာမှာ ဖော်ပြသွားပါသည်။

### ထူးခြားချက်(၈)

တစ်ဦးချင်းအခွန်-တစ်ဦးချင်းအခွန်၏စမှတ်ကိုမြှင့်တင်မည်ဖြစ်သည်။

တစ်ဦးချင်းဝင်ငွေခွန်၏ စမှတ်ကိုမြှင့်တင်ကာ သားသမီးများ၏ပညာရေး၊ ရောဂါကြီး ဆေးကုသမှုစသည့် စရိတ်များကိုနှုတ်ပေးပြီး ဝန်ထုပ်ကိုနည်းလမ်းကျစွာလျော့ပေးမည်ဖြစ်ကြောင်း စသည်ဖြင့် အစီရင်ခံစာမှာ ဖော်ပြသွားပါသည်။

### ထူးခြားချက်(၉)

ပုံစံသစ်မြို့ပြဆန်ရေး-ဟင်းသီးဟင်းရွက်ဈေးများ၊ ကားရပ်နားကွင်းများ၊ ဓာတ်လှေကား၊ ရေလျှံမှုကိုဖယ်ရှားပေးသောပိုက်လိုင်းကွန်ရက် စသည်များကို တည်ဆောက်ပေးမည်ဖြစ်သည်။

ပုံစံသစ်မြို့ပြ၏ အရည်အသွေးကိုမြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ်မြို့ဝင်ရောက်သည့် လူဦးရေ(၁၃)သန်းအထိရောက်ရှိကာ ကျေးလက်မှပြောင်းရွှေ့သူဦးရေကို လျင်မြန်စွာတိုးမြှင့်စေမည်ဖြစ်ကြောင်း၊ အများသုံးလမ်းပန်းဆက်သွယ်ရေး၊ ဟင်းသီးဟင်းရွက်ဈေးများ၊ ကားရပ်နားကွင်းများ စသည်လူထုအကျိုးပြုဝန်ဆောင်မှုများကို ဦးစားပေးဖွံ့ဖြိုးစေမည်ဖြစ်ကြောင်း၊ “မြို့တွင်းရှိရွာ” ရပ်ကွက်ဟောင်းပြုပြင်ပြောင်းလဲရေးကို စနစ်တကျဆောင်ရွက်မည်ဖြစ်ကြောင်း၊ တွဲဖက်စက်ပစ္စည်းကိုပြည့်စုံစေကာ အခြေအနေပေးသည့်နေရာများ၌ ဓာတ်လှေကားကို တပ်ဆင်မည်ဖြစ်ကြောင်း၊ ရေလျှံမှုကိုဖယ်ရှားပေးသော ပိုက်လိုင်းကွန်ရက်၊ မြေအောက် အထွေထွေပိုက်လိုင်းစကြံ စသည့်ဆောက်လုပ်ရေးများကို အားပေးဆောင်ရွက်စေမည်ဖြစ်ကြောင်း စသည်ဖြင့် အစီရင်ခံစာမှာ ဖော်ပြသွားပါသည်။

### ထူးခြားချက်(၁၀)

ဝယ်ယူသုံးစွဲမှု-အင်တာနက်ကြေး၊ တံတားဖြတ်ခ၊ ရှုခင်းဝင်ကြေးစသည်များကို လျော့ကျစေမည်ဖြစ်သည်။ စွမ်းအင်သစ် မော်တော်ကားဝယ်ယူရာတွင် အခွန်သက်သာသည့်ပေါ်လစီကို နောက်ထပ်(၃)နှစ် ထပ်တိုးလိုက်သည်။

အိမ်သုံး Broard Bandအင်တာနက်၊ လုပ်ငန်းခွင်သုံး Broard Bandအင်တာနက်စသည့်အသုံးပြုခကို သိသာစွာ ကျဆင်းစေမည်ဖြစ်ကြောင်း၊ “နယ်လှည့်”အင်တာနက်အဖိုးအခကိုဖျက်သိမ်းမည်ဖြစ်ကြောင်း၊ နှစ်အလိုက်ရွေ့လျားမိုဘိုင်းကွန်ရက်ဈေးနှုန်းကို (၃၀%)လျော့နည်းစေမည်ဖြစ်ကြောင်း၊ လမ်းဖြတ်ကြေးကောက်ကားလမ်းစနစ်ကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း၊ လမ်းတံတားဖြတ်ခကို လျော့နည်းစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းအရေးပါသောနိုင်ငံတော်ပိုင်ပေးခရီးသွားဇုန်ဝင်ခွင့်လက်မှတ်ဈေးနှုန်း လျှော့ချမည်ဖြစ်ကြောင်း၊ စွမ်းအင်သစ်မော်တော်ကားဝယ်ယူရာတွင် အခွန်သက်သာသည့်ပေါ်လစီကို နောက်ထပ်(၃)နှစ်ထပ်တိုးလိုက်ပါကြောင်း၊ ဒုတိယဝယ်လက်ကားရွှေ့ပြောင်းကန့်သတ်သည့် ပေါ်လစီကိုလုံးဝဖျက်သိမ်းလိုက်ကြောင်း စသည်ဖြင့် အစီရင်ခံစာမှာ ဖော်ပြသွားပါသည်။

(ဆင်ဟွာသတင်း)

**မှတ်ချက်။** ။တရုတ်ကွန်ဂရက်ညီလာခံကြီးနှစ်ခုသည် (၁၃)ကြိမ်မြောက်တရုတ်ပြည်သူ့နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုညီလာခံ အမျိုးသားကော်မတီပထမအကြိမ်အစည်းအဝေးနှင့်(၁၃)ကြိမ်မြောက်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်၏ ပထမအကြိမ်အစည်း အဝေးတို့ဖြစ်သည်။